မီယာဂီစီရင်စုရဲတပ်ဖွဲ့မှ အသိပေးချက်

★ ပြဿနာများနှင့် ရာဇဝတ်မှုများတွင် ပါဝင်ပတ်သတ်ခြင်းမရှိစေရန်★




★ ဂျပန်ရဲ့အမူအကျင့်နဲ့ စည်းကမ်း


○ ဆူညံသံပြဿနာ

အိမ်တွင်လူတွေစုရုံးပြီး ဆူညံခြင်း၊တီဗွီသံ သီချင်းသံတွေကျယ်လောင်ခြင်းတို့သည်အိမ်နီးချင်းတွေကို စိတ်အနှောင့်အယှက် ဖြစ်စေတဲ့အတွက် မလုပ်ကြရအောင်။



○ အမှိုက်စွန့်ပစ်နည်း

အမှိုက်ကိုမီးလောင်လွယ်သောအမှိုက်၊ပလပ်စတစ်အမှိုက်စသည်ဖြင့်ခွဲခြားပြီး သတ်မှတ်ထားသောနေ့ရက်နှင့်နေရာများတွင်စွန့်ပစ်ကြရအောင်။စွန့်ပစ်အမှိုက်များထဲတွင်ပြန်လည်အသုံးပြုလို့ရတဲ့ အရင်းအမြစ်အမှိုက်လည်းရှိသောကြောင့်မိမိသဘောဖြင့်ယူဆောင်သွား၍မရပါ။



★ ဂျပန်နိုင်ငံတွင် ရာဇဝတ်မှုမြောက်သော လုပ်ရပ်များ

～SNSနှင့်အသိအကျွမ်းများထံမှမိတ်ဆက်ပေးသောတရားမဝင်အချိန်ပိုင်းအလုပ်စသဖြင့်ကိုသတိပြုပါ။～

○ ကိုယ်ပိုင်ဘဏ်အကောင့်နှင့်ဘဏ်ကတ်အစရှိသဖြင့်ကိုတခြားသူထံသို့ပေးခြင်း။

ကိုယ်ပိုင်ဘဏ်အကောင့်၊ဘဏ်ကတ်၊ ဘဏ်စာအုပ် ,စမတ်ဖုန်းကို အခြားသူတစ်ဦးအား ပေးပါက ရာဇဝတ်မှုများတွင်အသုံးပြုခံရပါမည်။ပိုက်ဆံရရင်တောင်မှလုံးဝသေချာပေါက်တခြားသူတွေကို ပေးတာမျိုးလုပ်လို့ မရပါဘူး။

တစ်ဖက်လူကသူငယ်ချင်းပဲဖြစ်စေ၊အသိမိတ်ဆွေပဲဖြစ်စေ၊ဥပမာပိုက်ဆံမရသောသူဖြစ်လျှင်တောင် အတူတူပါပဲ။

သင်သည်သင့်ဇာတိနိုင်ငံသို့ပြန်တဲ့အခါ၊သင့်ဘဏ်အကောင့်ကိုဖျက်သိမ်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကိုအပြီးသတ်လုပ်ဆောင်ကြရအောင်။





○ ကိုယ်တိုင်အသုံးမပြုသော ဘဏ်အကောင့်အတွက်ဘဏ်စာအုပ် ပြုလုပ်ခြင်း

အခြားသူတစ်ဦးအားရောင်းချရန်၊ပေးရန်အတွက်ဘဏ်အကောင့်ပြုလုပ်ခြင်း၊ စမတ်ဖုန်းကို စာချုပ်ချုပ်ဆိုခြင်းတို့သည်ပြစ်မှုတစ်ခုဖြစ်သည်။လုံးဝမလုပ်ကြရအောင်။

○ တရားမဝင်လောင်းကစားပြုလုပ်ခြင်း

လောင်းကစားများထဲတွင်တရာမဝင်လောင်းကစားများလဲရှိပါသည်။

„ငွေရေးကြေးရေးအခက်အခဲကနေထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်အစရှိသည်တို့တွင် သင်ပါဝင်နိုင်ခြေရှိသောကြောင့်လုံးဝသေချာပေါက်မလုပ်ကြရအောင်။

